# HARP-F ၏ နှစ်ရှည်ဖြစ်သော WASH ကဏ္ဍဆိုင်ရာ ရန်ပုံငွေ

## (ပြန်လည်သုံးသပ်မှု)



# အစီရင်ခံစာ၊ အနှစ်ချုပ်

The Operations Partnership ဒီဇင်ဘာ ၂၀၂၁

### HARP-F ဆိုသည်မှာ

HARP-F သည် UKအစိုးရ၏ နိုင်ငံခြားရေး၊ ဓနသဟာယ နှင့် ဖွံ့ဖြိုးရေးရုံး၏ ကနဦးဆောင်ရွက်မှုတစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ HARP-F သည် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များနှင့် ပြန်လည်ထူထောင်ရေး/ ကြံ့ကြံ့ခံနိုင်မှု အစီအစဉ် တို့အတွက် အကြီးမားဆုံးသော ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းကို Crown Agents မှ စီမံခန့်ခွဲပါသည်။ ၎င်းမှ ယနေ့အထိ ပေါင် ၇၄.၇ သန်းကို ကတိကဝတ်ပြုထားပြီး ၊ ရန်ပုံငွေ ၇၆ ခုမှတဆင့် ပဋိပက္ခဒဏ်ခံစားနေရသူပေါင်း ၁.၆၉ သန်းကို လက်လှမ်းမီအောင် ကူညီဆောင်ရွက်နေပြီး ကဏ္ဍ ၈ ခုတွင် မိတ်ဖက်အဖွဲ့အစည်းပေါင်း ၅၅ ခုဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါသည်။

### HARP-F၏ နှစ်ရှည်ဖြစ်သည့် WASH ကဏ္ဍဆိုင်ရာ ရန်ပုံငွေကို အဘယ့်ကြောင့် ပြန်လည်သုံးသပ်ရမည်နည်း

HARP-F သည် မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်ကတည်းက လူသားချင်းစာနာမှုဆိုင်ရာ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) ကဏ္ဍအတွက် အကြီးမားဆုံးသော ရန်ပုံငွေထောက်ပံ့သည့် ယန္တရားတစ်ခု ဖြစ်နေခဲ့သည်။ သက်တမ်း ခြောက် နှစ်အတွင်း HARP-F WASH အစီအစဉ်သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် ပဋိပက္ခဒဏ်ခံစားနေရသူပေါင်း ၃၁၅,၀၀၀ ဦးကို ရန်ပုံငွေပမာဏ ပေါင် ၂၂.၄သန်း နှင့်ညီမျှအထောက်ပံ့ပေးခဲ့သည်။

၂၀၁၆ ခုနှစ်တွင် နှစ်ရှည်ဖြစ်သည့် လူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှုကို Grand Bargain ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တည်ထောင်ခဲ့သည်။ ထိုစဉ်ကတည်းက HARP-F သည် မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ WASH ကဏ္ဍအတွက် အကြီးမားဆုံးသော ရန်ပုံငွေထောက်ပံ့သည့်အဖွဲ့တစ်ခု ဖြစ်နေ ခဲ့ ပြီး ၂၀၁၇ နှင့် ၂၀၂၁ ခုနှစ်များအတွင်း ထောက်ပံ့ခဲ့သည့် လူသားချင်းစာနာမှုဆိုင်ရာ WASH ကဏ္ဍ၏ နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေများ၏ ၉၅%ကို ထောက်ပံ့ခဲ့သည်။

ယခု မဟာဗျူဟာကျ ပြန်လည်သုံးသပ်မှုတွင် WASH ကဏ္ဍ၏ နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေများနှင့် ပတ်သက်၍ လေ့လာသင်ယူမှုများကို ထုတ်နုတ်ဖော်ပြထား ပြီး အဆိုပါ လေ့လာသင်ယူမှုများကို အနာဂတ်တွင် မည်သည့်နေရာတွင် မည်ကဲ့သို့ အသုံးပြုရမည်ကို ရေးသားဖော်ပြထားသည်။ အဓိကသတင်းအချက်အလက်ပေးနိုင်သူများကို မေးမြန်းသည့် အင်တာဗျူးများ(KII) နှင့် ဦးတည်အုပ်စုဆွေးနွေးပွဲများ(FGD) မှတဆင့် အဖွဲ့အစည်းပေါင်း ၂၂ ခုကို ကိုယ်စားပြုသည့် အထူးတတ်ကျွမ်းသူပေါင်း ၇၁ ဦး နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ ၎င်းတို့တွင် HARP-F ၊ FCDO ၊ WASH အစုအဖွဲ့နှင့် မြန်မာနိုင်ငံတွင် WASH ကဏ္ဍအဓိကလုပ်ဆောင်ကြသည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများ ပါဝင်ခဲ့သည်။

Supported by:
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

၁. စိန်ခေါ်မှုများသည့် လုပ်ကိုင်ဆောင်ရွက်ရသော ပတ်ဝန်းကျင်တွင် ရပ်ရွာလူထု၏ ပိုင်ရှင်စိတ်ဓါတ် ဖြင့် ပါဝင်မှု နှင့် WASHဆိုင်ရာ ဝန်ဆောင်မှုများကို စီမံခန့်ခွဲမှု စသည်တို့တွင် သိသာသည့် တိုးတက်အောင်မြင်မှုများကို ထောက်ပံ့ပေးသည့် အဓိကအချက်မှာ နှစ်ရှည်ဖြစ်သည့် "ကာလရှည်" ရန်ပုံငွေထောက်ပံ့ခြင်း (၂၄ လနှင့် အထက်) ဖြစ်သည်။ (ရခိုင်အလယ်ပိုင်း IDP စခန်းများ)

၂. "ကာလလတ်" နှစ်ရှည်စီမံကိန်း (၁၂ မှ ၂၄ လ) သည် ဒေသတွင်း NGO ၏ စွမ်းဆောင်ရည်တိုးတက်စေရန် စနစ်တကျတည်ဆောက်ထားသည့် လုပ်ငန်းစဉ်ကို ထောက်ပံ့ရာတွင် ထိရောက်ကောင်းမွန်ပါသည်။ (ကချင်ပြည်နယ်/ရှမ်းမြောက်ပိုင်းတို့ တွင် အဓိကတွေ့ ရသည်) အဆိုပါရန်ပုံငွေကို ထိရောက်စေရန်အတွက် အခြားသော စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးလှပါသည်။ ဒေသတွင်း နှင့် ပြည်တွင်းအဖွဲ့ အစည်းများ၏ စွမ်းရည်တိုးတက်စေရေးတွင် HARP-F ရန်ပုံငွေသည် ထိရောက်မှုရှိခဲ့သည်ဟု ယခုပြန်လည်သုံးသပ်မှုတွင် ဆွေးနွေးတိုင်ပင်ထားသည့် WASH ကဏ္ဍ လုပ်ကိုင်ဆောင်ရွက်သူများ၏ ၉၆% မှ သဘောတူခဲ့ကြသည်။

၃. ပုံမှန်အားဖြင့် ကာလတိုသာ ထောက်ပံ့ကြသည့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့နှင့် နိုင်းယှဥ်ပါက မည်သည့်ကာလမဆို နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေ( ၁၂ လ သို့မဟုတ် ထိုထက်ပိုသော) သည် အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့ အစည်းများ၏ စီမံကိန်းအရည်အသွေးကို ကောင်းမွန်စေပြီး စီမံအုပ်ချုပ်မှု နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်များ သက်သာစေမှုများကို ဦးတည်သွားစေသည်။ ဤအချက်သည် နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေ ထောက်ပံ့ခြင်းအပေါ် ယခင်ကပြုလုပ်ခဲ့သည့် သုတေသနနှင့် ကိုက်ညီနေပါသည်။ စီမံကိန်းဆိုင်ရာ ရေရှည်သက်ရောက်မှုကို သိသိသာသာ တိုးတက်စေခဲ့သည်ဟု ယခုပြန်လည်သုံးသပ်မှုတွင် ဆွေးနွေးတိုင်ပင်ထားသည့် WASH ကဏ္ဍ လုပ်ကိုင်ဆောင်ရွက်သူများ၏ ၉၃% မှ သဘောတူခဲ့ကြသည်။ ကာလတို ရန်ပုံငွေများကို ဆက်တိုက်ရယူကာ ဆောင်ရွက်ရာတွင် တစ်ခုပြီးတစ်ခု ဖြ ည့်ဆီးဆောင်ရွက်ရသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များအတွက် အချိန် ပိုပေးရမည့်အစား တန်ဖိုးရှိသည့် လုပ်ဆောင်မှုများအတွက် အချိန်ပိုပေးနိုင်သည်ဟု ဆွေးနွေးတိုင်ပင်ထားသူများမှ အစီရင်ခံခဲ့ကြသည်။

၄. HARP-F ၏ မိတ်ဖက်အဖွဲ့ အစည်းများ၊ HARP-F ၏ ရန်ပုံငွေဆိုင်ရာ ဆုံးဖြတ်ချက်များ နှင့် HARP-F ၏ မိတ်ဖက်အဖွဲ့ အစည်း အစီအစဥ်များကို ထောက်ပံ့ရာတွင် လမ်းညွှန်ပေးရန် WASH အစီအစဥ်များအတွက် အခင်းအကျင်းနှင့် ကိုက်ညီသော မဟာဗျူဟာကျ မူဘောင်တစ်ခုသည် အထောက်အကူဖြစ်စေခဲ့သည်။ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အဓိကကျသည့် အခင်းအကျင်းများ၌ ရေရှည်တည်တံ့မှု နှင့် ကြံ့ကြံ့ ခံနိုင်မှုဆီသို့ သက်ဆိုင်သည့် ချဥ်းကပ်ပုံများကို ၎င်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

၅. ဒေသတွင်း NGO များအတွက် ရန်ပုံငွေပြတ်လပ်မှု/ကွာဟမှု ရှိနေခြင်းသည် အခက်အခဲတစ်ခု ဖြစ်သည်ကို HARP-F မှ အသိအမှတ်ပြုခဲ့ပြီး ထိုသို့မဖြစ်စေရန် ကျရောက်နိုင်သည့်အန္တရာယ်ကိုလျှော့ချခဲ့သည်။ ဒေသတွင်း NGO များသည် ပုံမှန်အားဖြင့် INGO များစွာတွင် ရှိသည့် ရန်ပုံငွေအပိုထိန်းသိမ်းထားမှု မရှိတတ်ပေ။ HARP-F နှင့် မိတ်ဖက်အဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်တိုးတက်မှုတွင် ရင်းနှီးမြှုပ်နှံမှုများဖြင့် ကာလရှည် ပဋိပက္ခများတွင် လုပ်ကိုင်နေကြသည့် ဒေသတွင်း NGOများအတွက် ရေရှည်တည်တံ့သော ရန်ပုံငွေရရှိမှုသေချာစေရန် HARP-F မှ နည်းလမ်းများ ရှာတွေ့ ရန် အလွန်အရေးကြီးခဲ့ပါသည်။

၆. ရလာဒ်များနှင့် လေ့လာသင်ယူမှုများကို ပိုမိုကောင်းမွန်စွာ မှတ်သားဖမ်းယူနိုင်သည့် M&E ချဥ်းကပ်မှု လိုအပ်ပါသည်။ ရေရှည်ရလာဒ်များနှင့် လေ့လာသင်ယူမှုများကို နားလည်နိုင်ရန် ဒီဇိုင်းဆွဲထားသည့် M&E ချဥ်းကပ်မှုများရှိခဲ့လျှင် နှစ်ရှည်ရန်ပုံငွေထောက်ပံ့ခြင်းမှ အကျိုးကျေးဇူးများ တိုးမြှင့်လာပြီး အနာဂတ်အတွက် ပိုမိုခိုင်မာသည့် သက်သေသာဓကများ ရရှိမည်ဖြစ်သည်။ ရလာဒ်များ/ရေတိုရလာဒ်များကိုသာ ဦးစားပေးသည့် လူသားချင်းစာနာမှုဆိုင်ရာ M&E ချဥ်းကပ်မှုသည် မလုံလောက်နိုင်ပေ။

၇. နှစ်ရှည်ရန်ပုံငွေထောက်ပံ့မှုနှင့်အတူ နှစ်ရှည် စဥ်းစားမှုများ နှင့် အစီအစဥ်ဆွဲခြင်းများကို အားပေးခဲ့ပါ သည်။ စီမံကိန်းများ၏ အရည်အသွေး၊ ထိရောက်မှု နှင့် ကာလရှည် WASHဆိုင်ရာ ရလာဒ်များကို ထောက်ပံ့အားပေးရန် နှစ်ရှည်ဖြစ်သော ရန်ပုံငွေထောက်ပံ့ခြင်းသည် တစ်ခုတည်းသော နည်းလမ်းမဟုတ်သည်ကို HARP-F ၏ အတွေ့ အကြုံမှ ပြသနေပါသည်။ ကာလရှည်ပဋိပက္ခတစ်ခုတွင် အဆင့်တိုင်း၌ နှစ်ပေါင်းများစွာအတွက် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ ချဥ်းကပ်မှုများကို အားပေးသင့်သည်။ မြန်မာနိုင်ငံတွင် ဤသို့ဖြစ်ပွားခဲ့သည့် ဥပမာ ကောင်းများမှာ WASHအစုအဖွဲ့ အဆင့် နှင့် အကောင်အထည် ဖော်သည့် အဖွဲ့ အစည်းများအဆင့်တို့တွင် ရှိခဲ့ကြပါသည်။



This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## အဆိုပါ လေ့လာသင်ယူမှုကို အသုံးပြုခြင်း

၂၀၂၁ ခုနှစ်တွင် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးနောက် အသစ်အသစ်တိုးလာနေသည့် လိုအပ်ချက်များကို ဖြည့်ဆီးဆောင်ရွက်ရန် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို သိသိသာသာ အရှိန်မြှင့်ဆောင်ရွက်မှုများ ရှိခဲ့သည်။ အခြေအနေမှာ ကံဆိုးစွာဖြင့်ပင် ဆက်လက် တည်ငြိမ်မှုမရှိသေးပဲ ကြိုတင်ခန့်မှန်းမရ ဖြစ်နေသည်။ လူသားချင်းစာနာမှုဆိုင်ရာများကို လက်လှမ်းမီရန်မှာ စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်နေသေးသည်။ ၂၀၂၂ ခုနှစ်တွင် လူသန်းပေါင်း ၆.၂ သန်းကို ကူညီထောက်ပံ့ရန် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်သည့် အဖွဲ့အစည်းများမှ မျှော်လင့်ချက်ကြီးစွာ ရည်ရွယ်သတ်မှတ်ခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုအစီအစဥ်တွင် ဘဏ္ဍာရေးဆိုင်ရာ တောင်းဆိုထားမှုမှာ ၂၀၂၁ ခုနှစ်ထက် သုံးဆ ပိုများနေပါသည်။

HARP-F သည် မတ်လ ၂၀၂၂ ခုနှစ်တွင် ၎င်း၏ အစီအစဥ်များကို အဆုံးသတ်ပါမည်။ လက်ရှိတွင် နှစ်ရှည်ဖြစ်သည့်  WASH စီမံကိန်းများ၏ ၉၅% မှာ HARP-F မှ ထောက်ပံ့ပေးထားသောကြောင့် နှစ်ရှည်ဖြစ်သည့်  WASH စီမံကိန်းများကို ဆက်လက်ထောက်ပံ့ရန်စဥ်းစားရမည်မှာ အခြားသော ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများအတွက် အထူးအရေးကြီးပါသည်။  HARP-F မှတဆင့် ရပ်ရွာလူထုများ နှင့် ဒေသတွင်း NGOs များအပေါ် စွမ်းရည်တိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုများ ရေရှည်တည်တံ့စေရန် ရန်ပုံငွေအရင်းအမြစ်အသစ်များ ဆက်လက်ရရှိနေရန် အရေးကြီးသည်။

မြန်မာနိုင်ငံတွင် လက်ရှိမသေချာမှုများဆိုင်ရာ အန္တရာယ်ရှိသောကြောင့် အလှူရှင်အဖွဲ့အစည်းများမှ နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေများ ထောက်ပံ့ရန် ကတိကဝတ်မပြုခြင်း သို့ဦးတည်သွားနိုင်သည်။ သို့သော် ကာလတိုထောက်ပံ့သည့် ရန်ပုံငွေသည် ကာလတိုရလာဒ်များကိုသာ ပေးစွမ်းနိုင်ပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီမှုသည် အဓိကပြဿနာအဖြစ် ဆက်လက်တည်ရှိနေဟန်ရှိသည်။ ဒေသများစွာတွင် အထိရှအလွယ်ဆုံးသူများကို လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့နှင့် ကာကွယ်ခြင်းတို့ ပေးနိုင်ရန်မှာ ကောင်းမွန်စွာ ထောက်ပံ့ထားသည့် နှင့် စွမ်းရည်တိုးတက်နေသည့် ရပ်ရွာလူထုအဖွဲ့အစည်းများ နှင့် ဒေသတွင်း NGOs များသည်သာ အသက်ဆက်စေနိုင်မည့် လမ်းစဥ် ဖြစ်ပါသည်။ ရပ်ရွာလူထုအဖွဲ့အစည်းများ နှင့် ဒေသတွင်း NGOs များကို ဆက်လက်ထောက်ပံ့ခြင်း နှင့် ပိုမိုတိုးမြှင့်ထောက်ပံ့ခြင်းသည် အလုံးစုံ တုံ့ပြန်ဆောင်ရွက်မှုအတွက် အဓိကကျသည့် မဟာဗျူဟာ ဖြစ်ပေသည်။ WASH ကဏ္ဍ နှင့် အခြားသော ကဏ္ဍများတွင် အောင်မြင်မှုရရှိရန် အထိရောက်ဆုံးနည်းလမ်းမှာ နှစ်ရှည် ဖြစ်သည့် ရန်ပုံငွေထောက်ပံ့ခြင်းပင် ဖြစ်ပါသည်။

## အကြံပြုချက်များ

**မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်သူများ နှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် အောက်ပါတို့ကို ပြုလုပ်သင့်သည်..**

အထူးသဖြင့် ကာလရှည်ရလာဒ်များကို မျှော်မှန်းထားပါက သို့မဟုတ် လက်လှမ်းမီမှုဆိုင်ရာ အခက်အခဲများသည် ဆက်လက်တည်ရှိနေဟန်ရှိပါက နှစ်ရှည်ဖြစ်သည့် WASH ရန်ပုံငွေအတွက် ထောက်ခံစည်းရုံး လှုံ့ဆော်ပေးပါ။ (OECD ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သတိမူ၍) သက်တမ်း ၂ နှစ် သို့မဟုတ် ထိုထက်ပိုသော နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေများကို ပိုမိုထောက်ပံ့စေလိုသည့်အကြောင်း ရင်းမှာ ထိုကဲ့သို့ ကာလအကျော်မှသာ စီမံကိန်းဆိုင်ရာ ရေရှည်သက်ရောက်မှု အကျိုးဆက်များကို တိုးမြှင့်ခံစားရမည် ဖြစ်သော ကြောင့် ဖြစ်သည်။

နှစ်ရှည် ဖြစ်သည့် ရန်ပုံငွေများကို မထောက်ပံ့နိုင်ပါက အေဂျင်စီ၊ အ လှူရှင်အဖွဲ့အစည်း၊ နှင့် အစုအဖွဲ့အဆင့်များတွင် နှစ်ရှည်ဖြစ်သည့် အစီအစဥ်များကို လက်ခံကျင့်သုံးကြပါ။ ထိုစဥ်ကာလတွင် နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေထောက်ပံ့ရန်အတွက် ရပ်ရွာလူထုအဆင့်ရှိ အခြေအနေသည် တည်ငြိမ်လာမှုကို နီးကပ်စွာ စောင့် ကြည့်ထားသင့်သည်။

ပြောင်းလွယ်ပြင်လွယ်ဖြစ်သည့် စီမံခန့်ခွဲမှုဆိုင်ရာ ချဥ်းကပ်မှုကို အသုံးပြု၍ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု စီမံကိန်းအတွက် နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေထောက်ပံ့ခြင်း နှင့် အစီအစဥ်ဆွဲခြင်း ပုံစံများကို လက်ခံကျင့်သုံးရန် စဥ်းစားပါ။ ယင်းအချက်သည် ဒေသခံ NGO များ၏ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းရည်များကို ထပ်မံအားကောင်းလာစေရန် မူဘောင်တစ်ခုကို ပေးအပ်နိုင်သည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

## အကြံပြုချက်များ

### လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး လုပ်ဆောင်ကြသူများအနေဖြင့် အောက်ပါတို့ ပြုလုပ်သင့်သည်..

တသမတ်တည်းဖြစ်မှု နှင့် ရေရှည်သက်ရောက်မှုများ မျှဝေခံစားမှုကို အမြင့်ဆုံးဖြစ်စေရန် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ ယန္တရားများအကြား ချိတ်ဆက်မှုများ ဆက်လက်တည်ဆောက်ပါ။ လူသားချင်းစာနာထောက်ထားမှုအတွက် နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေထောက်ပံ့ခြင်းကို ပိုမိုထောက်ပံ့လာသည်နှင့်အမျှ ဤပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုအရေးကြီးလာပါသည်။

### တကမ္ဘာလုံးဆိုင်ရာ WASH အစုအဖွဲ့ အနေဖြင့် အောက်ပါတို့ ပြုလုပ်သင့်သည်..

နှစ်ရှည်ဖြစ်သည့် ရန်ပုံငွေထောက်ပံ့ခြင်းနှင့် သက်ဆိုင်သည့် ဒေတာအချက်အလက်များကို စုစည်းတင်ပြနိုင်စေရန် အစုအဖွဲ့ ဆိုင်ရာ ရန်ပုံငွေ မက်ထရစ်ကို မည်ကဲ့သို့ ကောင်းမွန်အောင် ပြုလုပ်နိုင်သည်ကို စစ်ဆေးပါ။ မူလစီမံကိန်းသက်တမ်း နှင့် စီမံကိန်းတိုးချဲ့ ဆောင်ရွက်မှုတို့တွင်ရှိသည့် အချက်အလက်များသည် အရေးကြီးသလို မူလရန်ပုံငွေ နှင့် တစ်ဆင့်ထပ်မံပေးအပ်သည့် ရန်ပုံငွေများဆိုင်ရာကွဲပြားစွာကောက်ယူထားသည့် ဒေတာများသည်(ကာလ နှင့် ငွေကြေးတန်ဖိုး)လည်း အရေးကြီးပါသည်။ ဤအချက်အလက်များကို ကောက်ယူခဲ့ပါက "အရည်အသွေးရှိသည့် ရန်ပုံငွေထောက်ပံ့ခြင်း" နှင့် "ဒေသခံ နှင့် ပြည်တွင်း တုံ့ပြန်ဆောင်ရွက်သည့်အဖွဲ့ အစည်းများအတွက် ထောက်ပံ့မှု နှင့် ရန်ပုံငွေ ပိုမိုရရှိစေခြင်း" စသည့် Grand Bar gain ဆိုင်ရာ ကတိကဝတ်များနှင့် နှိုင်းယှဉ်၍ တိုးတက်မှုအခြေအနေ ကို လွယ်လင့်တကူ သိရှိနိုင်ပေမည်။





*Photos © HARP-F Partner*
*Design Template © Molly Webster*

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.